ကိုတင်မောင်းနှင့် စကားစမြည် ပြောနေစဉ်မှာပင် သူစိမ်းယောကျ်ားတစ်ဦးက သူမကို စိုက်ကြည့်နေ၏။ လူပုံပန်းသဏ္ဍာန်နှင့် ဝတ်စားထားပုံများကြောင့်ပင် ဒီမြို့သား မဟုတ်မှန်း ချက်ချင်းသိ၏။

မဟုတ်မှ လွဲရော၊ မိန်းမပျိုလေးများ၏ နှုတ်ဖျားမှာ ဒီရက်ပိုင်း ရေပန်းစားနေသော ရန်ကုန်က ဧည့်သည်ပဲ ဖြစ်ရမည်။ အဲဒီ ဧည့်သည်တက္ကသိုလ်ကျောင်းသားက ကိုတင်မောင်းတို့နှင့် ဆွေရိပ် မျိုးရိပ်မကင်းသူ ဖြစ်သည်။ သူ့မိဘများက မင်းပေါက် စိုးပေါက်တွေ ဟု ပြောသံကြားဖူး၏။

"မိန္ဒယ်ကို မိတ်ဆက်ပေးရဦးမယ်၊ သူက ကျော်ကိုနိုင်တဲ့၊ ငါ့ဦးကြီးရဲ့ တစ်ဦးတည်းသော သားပဲ၊ ဒီကိုတော့ အခုမှ ရောက်ဖူးတာ၊ ရန်ကုန်မှာ ပွေလို့ ရှုပ်လို့ အားရလို့ တို့မြို့ကို မျက်စိလည်လာ တာလေ၊ ငါတို့ကတော့ သူ့ကို ကိုကိုကျော် လို့ပဲ ခေါ်ကြတယ်၊ ဒီဆိုင်ကိုလာတဲ့ ကောင်မလေးတွေ





လည်း ဒီအတိုင်းပဲခေါ်တယ်၊ နင် မရှိတုန်းမှာ ကိုကိုကျော်က ဆိုင်ကူထိုင်ပေးတယ်၊ ကိုကိုကျော် သူက ငါ့ရဲ့ ညီမလေးလို ခင်မင်နေတဲ့ နွယ်မိုးခင်၊ ငါတို့ကတော့ မိန္ဒယ်လို့ပဲ အလွယ်ခေါ်တယ်၊ ဒီနှစ်ဆယ်တန်းဖြေထားတာ၊ ဆင်းရဲပေမယ့် စာကြိုးစားတယ်၊ မိဘနဲ့ ညီအစ်ကို မောင်နှမကို အလုပ်လုပ်ပြီး ရှာကျွေးနေတာ"

သူမနှင့် အကြည့်ချင်းဆုံတော့ ကိုကိုကျော်က အပြုံးလှလှလေးကို လှစ်ခနဲ ပြ၏။ ကိုကိုကျော်က မိန်းမချော, ချောသူတစ် ယောက်ပင်။

"ကျွန်တော်ကလည်း မိန္ဒယ်ကို တွေ့ချင်နေဘာ၊ မိန္ဒယ်ကို မတွေ့ခင်က သူများတွေ ပြောကြတာကို မယုံချင်ဘူး၊ ဒီဆိုင်ကို လာတာက မိန္ဒယ်ကို တွေ့ချင်လို့ပဲ၊ ကျွန်တော် စောင့်ရကျိုးနပ်ပါ တယ်၊ မိန္ဒယ်အလှက တကယ့်ကို အရိုင်းပန်းတစ်ပွင့်ရဲ့ အလှမျိုးပဲ၊ သူများတွေလို ပြင်ပြင်ဆင်ဆင်နဲ့ ဝတ်ကောင်းစားလှတွေ ဆင်သင်လိုက်ရင် ဒီမြို့က အချော

## (၃)

ကိုတင်သောင်းနှင့်အတူ ရန်ကုန် လိုက်ခဲ့သည်၊ ခရီးစဉ်သည် သူမဘဝ၏ တစ်ဆစ်ချိုးပြောင်းလဲမှုကို စတင်ခဲ့ခြင်းလည်း ဖြစ်၏။

ကြီးကျယ်ခမ်းနားလွန်းသော မြို့ပြ၏ အဆွေ့အသက်များကြားမှာ အံ့ဩရှုမောရင်းက သူမအဖို့ မျက်စိသူငယ် နားသူငယ် ဖြစ်ရသည်။



ကိုကိုကျော်တို့ နေထိုင်ရာခြံဝင်းရှေ့ကို ရောက်ရပြန်တော့ သူမခြေလှမ်းတို့က အလိုလို တုန့်နှေးသွားရပြန်သည်။

သူမ နေထိုင်ရမည့် ခြံဝင်းနှင့် တိုက်တာသည် သူမ၏ အားငယ်ကြောက်ရွံ့မှုကို အလိုလို ဖြစ်ပေါ်စေ၏။ သူမအဓိကရင်ဆိုင်ရမည့် ကိုကိုကျော့်မေမေ အန်တီစောကို မတွေ့ရခင်ကပင် ကျောချမ်းနေရပြန်၏။

သူမအရိပ်အကဲကို အကဲခတ်မိသော ကိုတင်သောင်းက အိမ်ထဲဝင်ခါနီးမှာ သတိပေးစကားပြော၏။

"ခြံထဲဝင်ကတည်းက ငါ သတိထားကြည့်နေတာ၊ နင်ဘာလို့ သွေးပျက်ရတာတုန်း မိန္ဓယ်၊ အန်တီစော ရှေ့ကျရင် ဒီပုံစံမျိုး ဖြစ်နေရင် ဒုက္ခရောက်ဦးမယ်၊ ဘာကိုမှ သိပ်ပြီး အလေးထားမနေနဲ့ မိန္ဓယ်၊ အန်တီစောနဲ့ အဆင်ပြေရင် အစစအရာရာ အဆင်ပြေပြီဆိုတာ ငါ အကြိမ်ကြိမ်ပြောခဲ့ပြီးပြီပဲ"

"ဟုတ်ကဲ့ပါ ကိုတင်သောင်း၊ ပတ်ဝန်းကျင် ရုတ်တရက်ကြီး အပြောင်းအလဲ သဘောမျိုးဖြစ်သွားတော့ လိပ်ပြာ ငယ်မိတာပေါ့"

လိပ်ပြာငယ်မြင်းကို တတ်နိုင်သလောက်တော့ သူမ လျှော့ချထားလိုက်ရသည်။ အန်တီစောကို ရင်ဆိုင်ဖို့အတွက် ချက်ချင်းဆိုသလို ရဲရင့်ခြင်းတွေ မွေးလိုက်ရ၏။ ကိုတင်သောင်းနှင့် အတူတူ ဧည့်ခန်းထဲကို ဝင်မိချိန်မှာတော့ အန်တီစော ဖြစ်နိုင်သော မျက်နှာထားတင်းမည့် အမျိုးသမီးကြီးတစ်ဦးကို စတင်ရင်ဆိုင်ရ၏။

"မောင်တင်သောင်းပါလား၊ မင်းညီတော်မောင်တော့ မရှိဘူးကွဲ့"

ကိုတင်သောင်းကို ခရီးကြိုပြုသောစကားဆိုရင်း သူမကို ကွက်ပြီး အန်တီစော အကဲခတ်နေ၏။

"ဦးလေးရော ရှိလား အန်တီစော"

"ရှိပါတယ်၊ ပြောရင်းဆိုရင်း လာနေပါပြီ"





ကိုတင်သောင်းပြောသော ဦးလေးဆိုသူမှာ ကိုကိုကျော်၏ ဖေဖေပင် ဖြစ်ရမည်။ ကိုကိုကျော့် ဖေဖေကတော့ ဒီအိမ်သို့ သူမ ရောက်လာခြင်း အကျိုးအကြောင်းကို သိနှင့်ပြီးသူ ဖြစ်နေမှာ သေချာ၏။

"ဒါနဲ့နေပါဦး မောင်တင်သောင်း၊ ဒီကလေးမလေးက ဘယ်သူတုန်း၊ မင်းညီမပဲလား"

အန်တီစော မေးလိုက်ချိန်မှာတော့ သူမ ခေါင်းငုံ့ပြီး နေတတ်အောင် နေလိုက်ရသည်။

ကိုတင်သောင်းကတော့ သူမနှင့်ပတ်သက်ပြီး အန်တီစောကို ပြောပြ၏။

"ဒီလိုပါ အန်တီစော၊ ကျွန်တော် ရန်ကုန်ရောက်တိုင်း ဒီအိမ်မှာ အဖော်ရအောင် လိမ္မာရေးခြားရှိတဲ့ မိန်းကလေး တစ်ယောက် လိုချင်တယ်လို့ အမြဲပြောခဲ့တယ် မဟုတ်လား၊ အခု ကျွန်တော်တို့ မြို့က သူ့ကို ခေါ်လာခဲ့တာပါ"

"နယ်ကဆိုတော့ တစ်မျိုးတော့ စိတ်ချရပါတယ်၊

"စောစောကဧည့်ခန်းမှာ ရှိနေတယ်"

ဦးကျော်မိုးရှိရာ ဧည့်ခန်းသို့အသွားမှာတော့ စောစောက အမျိုးသားကြီး လိုက်မလာတော့ပေ။

ဧည့်ခန်း၏ ဆိုဖာခုံပေါ်မှာပင် ဦးကျော်မိုး ထိုင်စောင့်နေ၏။

"သမီး ခဏထိုင်ဦး"

သူမကို ရင်းနှီးစွာ ဆက်ဆံနေခြင်းကြောင့်ပင် အနေကျုံ့မိ သည်။

အခုချိန်ထိတော့ ကိုကိုကျော်၏ အရိပ်အယောင်ကို မမြင်တွေ့ရသေးပေ။

"သမီးရဲ့သူငယ်ချင်းကတော့ လျှောက်လည်နေပုံရတယ်၊ ဒါပေမယ့် ဦးလေးအမြင်နဲ့ ပြောရရင် သမီးမိနွယ်ကိုတော့ သူတော်တော် ခင်ရှာတယ်"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကိုတင်သောင်း ခင်မင်သလို ကိုကိုကျော်ကလည်း ခင်ခဲ့တာပါ၊ ဒီအိမ်ကို ရောက်လာရ





တာ ကိုကိုကျော်ရဲ့ ကျေးဇူးကြောင့်ပါပဲ"

"ဒီအကြောင်းတွေကိုတော့ သမီးရဲ့ အန်တီစောကို ပေးသိလို့ မဖြစ်ဘူး၊ သားနဲ့ပတ်သက်ပြီး ဒီကိုရောက်လာတာကို သိသွားရင် မိုးမီးလောင်မှာတော့ သေချာတယ်"

"စိတ်ချပါ ဦးလေး၊ အန်တီစောနဲ့ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆက်ဆံနေတိုင်ပေးဖို့ ကိုကိုကျော်က မှာထားပါတယ်"

သူမ အဖြေစကားကြောင့်ပင် ဦးကျော်မိုး ပြုံး၏။

"သာမန်အနေနဲ့ ဒီအိမ်ကို သမီးရောက်လာခဲ့ရင် အခုလောက်ထိ သမီးကို စိတ်ဝင်စားဖြစ်မှာမဟုတ်ဘူး၊ ဒီလို သမီး ဦးလေးရဲ့ သားလေးက တစ်ယောက်တည်းရှိတာ၊ သားလေးကို သူ့ အမေက အရမ်းအလိုလိုက်လွန်းတယ်၊ သားလေးစိတ်က စိတ်ရင်း စိတ်ကောင်းရှိပေမယ့် သူ့ အမေရဲ့ အလိုလိုက်မှုကြောင့် ဒီလိုဖြစ်နေရတာ၊ သားလေး မှာ မိန်းကလေး သူငယ်ချင်းတွေ အများကြီးရှိ နေတယ်ဆို

"မဂ္ဂဇင်းတိုက်ကို သွားပြီး စာမူခထုတ်ရင်း စာအုပ်လက်ဆောင် သွားတောင်းရအောင်လေ၊ ပြီးတော့ မကြာခင်က ရေးပြီးသွားတဲ့ စာမူတစ်ပုဒ်ကိုလည်း ယူလာခဲ့၊ တစ်ခါတည်း လက်စနဲ့ ပေးခဲ့ရအောင်"

ကိုကိုကျော်က အလွယ်ပြော၏။ တကယ်တမ်းကျတော့ သူမအနေဖြင့် အပြင်တွေဘာတွေကို တစ်ယောက်တည်း ထွက်လေ့ ထုံးစံမရှိပေ။

"အန်တီစောက ခွင့်ပေးပါ့မလား"

"မိနွယ်ကလည်းဟာ ကျောင်းကိစ္စကို အကြောင်းပြလို့ဆိုရင် ရနေတာပဲ၊ နင်ထွက် ငါအရင်စောစောထွက်ပြီးကားမှတ်တိုင်မှာ ငါ့ကားနဲ့ စောင့်နေမယ်"

ကိုကိုကျော် ပြောသည့် အကြံအစည်က ဖြစ်တော့ဖြစ်နိုင်၏။

အပြင်ထွက်ခွင့်ရဖို့ ကျောင်းကိစ္စကိုပင် အသုံးချတော့မည်။





"ကောင်းပြီ ကိုကိုကျော်၊ ခဏနေရင် အန်တီစောကို မိနွယ် ပြောကြည့်မယ်၊ ရပြီဆိုတာနဲ့ ကိုကိုကျော်ကို အချက်ပြလိုက်မယ်၊ ကိုကိုကျော် အပြင်ထွက်နှင့်တော့၊ တစ်နာရီ ထစ်နာရီခွဲလောက် ကြာမှ မိနွယ် ထွက်လာခဲ့မယ်၊ အဲဒီ အချိန်လောက်ဆိုရင် အိမ်က အလုပ်တွေလည်း အကုန်ပြီးပြီ၊ ကိုကိုကျော်သာ ပြောတဲ့နေရာမှာ မိနွယ် မလာမချင်း စောင့်နေနော်"

"စိတ်ချစမ်းပါ မိနွယ်ရာ"

ညှပ်ခန်းဆီမှ အန်တီစော၏ အသံကြောင့်ပင် မီးဖိုခန်းထဲမှ ကိုကိုကျော် ပြေးထွက်သွား၏။

သူမရှိရာသို့ အန်တီစော ရောက်လာရင်တော့ အပြင်သွား မည့်ကိစ္စကို အကျိုးအကြောင်းခိုင်လုံစွာဖြင့် ခွင့်တောင်းရမည်လေ။

သူမတို့ အချိန်းအချက်လုပ်ထားသည့်အတိုင်းပင် ကားမှတ်တိုင်နှင့် မနီးမဝေးမှာ ကားရပ်ရင်း ကိုကိုကျော် စောင့်နှင့်နေ၏။

"ကိုကိုကျော် စောင့်နေရတာ ပျင်းနေမှာပေါ့၊ မိန္ဒယ် နည်းနည်းတော့ ကြာသွားတယ်"

"ဟုတ်တယ် မိန္ဒယ်၊ ထွက်လာခါနီးမှ မေမေစော စိတ်ပြောင်းသွားပြီး မလွှတ်တာတို့ ဘာတို့များ ဖြစ်နေမလား လို့ စိတ် တောင်ပူမိသေးတယ်"

စိုးရိမ်စကားကို ပြောရင်းက ကိုကိုကျော် ကားစက် နိုးလိုက်သည်။

"သဏ္ဍာန်လုပ် သရုပ်တူအောင်လို့ ပြင်ရဆင်ရသေး တယ် ကိုကိုကျော်၊ လွယ်အိတ်တွေ ဘာတွေနဲ့ဆိုတော့ အန်တီစောက တကယ်ကျောင်းသွားမယ်ပဲ ထင်နေတာ၊ ကိုကိုကျော် ပြောသလိုပဲ ထွက်ခါနီးမှ အန်တီစော ဘာစိတ် ကူး ပေါက်သွားသလဲ မသိဘူး၊ ဒရိုင်ဘာ ဦးလေးကြီးကို





တားမောင်းပြီး လိုက်ပို့ခိုင်းလို့ မနည်းငြင်းရ သေးတယ်"

"စာရေးဆရာမကြီးရဲ့ သည်းထိတ်ရင်ဖို စွန့်စားခန်း တစ်ခုပေါ့ မိန္ဒယ်ရယ်၊ လွယ်အိတ်တွေဘာတွေ လွယ်လိုက် တော့ ကျောင်းသူရုပ်ထက် စာရေးဆရာမပုံပိုပေါက်သွား တယ်၊ ဒီခေတ်ကျောင်းသူ တွေက လွယ်အိတ်လွယ်တာ နည်းသွားပြီလေ"

"ကိုကိုကျော် ပြောတာ ဟုတ်တယ်နော်၊ မိန္ဒယ်တို့ ငယ်ငယ်တုန်းက စတွေ့ဖူးမြင်ဖူးတဲ့ တက္ကသိုလ်ကျောင်းသူ တိုင်းလိုလို လွယ်အိတ်ကလေးတွေ ကိုယ်စီလွယ်ကြတာများ တယ်၊ ဒီအခုခေတ်က ကျောပိုးအိတ်တွေ ဘာတွေနဲ့ ဖြစ်ကုန် ပြီ"

ခေတ်ရေစီး၏ အပြောင်းအလဲ ပြောင်းလဲမှုကို ဖန်ရင်းကပင် စကားဖောင်ဖွဲ့ဖြစ်ကြ၏။

မဂ္ဂဇင်းတိုက်ကို ကိုယ်တိုင်သွားခြင်းမှာ ဒါ ပထမ အကြိမ်ပဲ ဖြစ်၏။

ကျောင်းသားကတ်နှင့်အတူ နှင့်အတူ မှတ်ပုံတင်ကတ်ပြားကို ထုတ်ပေးလိုက်၏။

"ရပါပြီ သမီး၊ သမီး လက်မှတ်လေး ဒီမှာထိုး၊ ဒီစာ အိတ်ထဲမှာ သမီးအတွက် စာမူခပါတယ်၊ ဒီစာအုပ်တ လည်း သမီးအတွက်ပဲ"

မဂ္ဂဇင်းစာအုပ်ကြားမှာ မြင်သာအောင် စာအိတ် လေးကို ညှပ်ပြီး ကမ်းပေး၏။

"ကျေးဇူးပါပဲရှင်"

"သမီးစာရေးတာ ကြာပြီလား၊ ဒီပြင်မဂ္ဂဇင်းတွေမှ ပါဘူးလား"

သူမ ဖြေဖို့ အားယူနေဆဲမှာပင် ကိုကိုကျော်က ဝင်ဖြေလိုက်၏။

"စာရေးတာတော့ တစ်နှစ် နှစ်နှစ်လောက် ရှိပါ တယ်၊ မဂ္ဂဇင်းမှာ ပါဘူးတာတော့ ဒါပထမဆုံးအကြိမ်ပါပဲ ဒီပြင် မဂ္ဂဇင်းတွေလည်း ပို့ထားပါတယ်၊ စာမူပို့တဲ





ကိစ္စကိုတော့ ကျွန်တော်ကပဲ လုပ်ပေးရတာပါ"

"ဆက်ပြီး ရေးနော် သမီး၊ သမီး အသက်ငယ်သေး တာပဲ၊ စာပေနဲ့ ပတ်သက်ပြီး ရှေ့လျှောက်အောင်မြင်စရာ လမ်းတွေ အများကြီး ရှိသေးတာပဲ"

အယ်ဒီတာကြီး၏ စကားအဆုံးမှာပင် စာမူထပ်ပေး ဖို့ကို ကိုကိုကျော်က သတိပေးလိုက်၏။

"မိန္ဒယ် ပါလာတဲ့ စာမူကို ပေးလိုက်ဦးလေ"

"ဟုတ်ပါရဲ့ ဝမ်းသာတဲ့စိတ်ကြောင့်ပဲ မေ့နေလိုက် တာ၊ ဒီ စာမူလေးကို သမီးပေးထားခဲ့ပါရစေ"

"ထားခဲ့သမီး၊ ဖတ်ကြည့်ပြီးလို့ အနုပညာရသ မြောက်တဲ့ ဝတ္ထုကောင်းတစ်ပုဒ်ဆိုရင်တော့ ဦးတို့မဂ္ဂဇင်းက သုံးမှာပါ၊ သမီးလက်ကို ဦးတို့က သိထားပြီးသား ဖြစ်နေပြီ လေ၊ နောက်တစ်ပတ် နှစ်ပတ်လောက်ကြာရင် တစ်ခေါက် ဖြစ်ဖြစ် လှည့်ဝင်လာခဲ့ပေါ့၊ သုံးဖြစ် မသုံးဖြစ်ကို သိရတာ ပေါ့"

ကိုကိုကျော်၏ ဥပေက္ခာပြုထားမှုကို အချိန်ကြာမြင့်စွာခံစားရသောအခါ နေမထိထိုင်မသာ ဖြစ်လာရသည်။

မနေနိုင်တော့သည့်အဆုံးမှာတော့ ကိုကိုကျော်အခန်းရှေ့ကို သူမ ထွက်လာခဲ့ရတော့၏။

"ကိုကိုကျော် ဘာဖြစ်လို့ ဒီလောက်ထိ မိနွယ်အပေါ် စိတ်ဆိုးနေရတာလဲ"

ကိုကိုကျော် အခန်းတံခါး နားကပ်ပြီး သူမ အသံပြုလိုက်သည်။

တစ်ခွန်းတည်း ပြောရုံဖြင့် ကိုကိုကျော်ထံမှ တုံ့ပြန်သံ ထွက်မလာပေ။

"ကိုကိုကျော် တမင်အိပ်ချင်ယောင်ဆောင်ပြီး မိနွယ်ကို စိတ်ဆိုးပြနေတာ မဟုတ်လား"

သူမ၏ ဒုတိယမြောက် တောင်းဆိုသံအဆုံးမှာတော့ အခန်းထဲမှနေပြီး ကိုကိုကျော် စကားပြန်ပြော၏။

"အခုအချိန်မှာ ကိုကိုကျော်တစ်ယောက်တည်း





အေးအေးဆေးဆေးနေချင်တယ် မိနွယ်"

"နေလို့မရဘူး ကိုကိုကျော်၊ ကိုကိုကျော် ထွက်မလာရင် တံခါးတွန်းဖွင့်ပြီး မိနွယ် အခန်းထဲအထိ ဝင်လာမယ်၊ ကကယ်လို့ အန်တီစော ပြန်လာရင်နဲ့ တည့်တည့်တိုးရင် တိုးပစေ၊ မိနွယ်က ပြောတဲ့အတိုင်း လုပ်တတ်တာ ကိုကိုကျော် သိတယ်နော်"

ကိုကိုကျော်အား ခြိမ်းခြောက်ပြီး ရာဇသံပေးလိုက်သော သူမ အသံတွေက ဝမ်းနည်းခြင်းကြောင့် တုန်ယင်နေမှန်း သိသာ၏။

"ကိုကိုကျော် တောင်းပန်တယ် မိနွယ်"

"မရဘူး ကိုကိုကျော်၊ မိနွယ်ကို ဒီလိုနည်းနဲ့တော့ စိတ်ဒုက္ခ မပေးပါနဲ့၊ ကိုကိုကျော် ထွက်လာခဲ့ပါ၊ မကျေနပ်တာရှိရင် ပြောချင်တာပြော၊ မိနွယ်လည်း ပြန်ပြောရင် ပြောမယ်၊ မပြောပဲ ငြိမ်ခံရင်ခံမယ်၊ ရင်ထဲမှာ ဒီလိုအခြေမျိုးကို သိမ်းမထားချင်ဘူး"

လုံးတံခါးဖွင့်ဖို့ ထိုင်စောင့်နေမှာစိုးလို့ လှမ်းဆော်လိုက်တာ၊ ခဏလေး မိန္ဒယ် နင့်ဦးလေး စကားပြောချင်လို့"

စကားပြောခွက်ကို ကိုင်ထားရင်းက ဦးလေးအသံကို နားထောင်နေမိ၏။

"မိန္ဒယ်ရေ ဦးလေးရဲ့ အရေးကြီး ဖုန်းလာရင် အကျိုးအကြောင်း ပြောပြပြီး ဒီအိမ်က ဖုန်းနံပါတ်ကို ဆက်ဆက် ပေးလိုက်နော်၊ အဲဒါကို မမေ့နဲ့ဦး"

"စိတ်ချပါ ဦးလေး"

သူမစကားအဆုံးမှာတော့ ဦးလေးက ဖုန်းချလိုက်သည်။

စကားပြောခွက်ကို နေရာပြန်ချပြီး နေရာမှ အထွက်မှာတော့ ကိုကိုကျော်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။

"မေမေတို့က ဘာတဲ့လဲ မိန္ဒယ်"

"သူတို့နှစ်ယောက်စလုံး ဒီည ပြန်မအိပ်ဘူးတဲ့





အဲဒီအ ကြောင်းကို ဖုန်းဆက်ပြောတာ"

"ဩော် . . . ဟုတ်လား"

ကိုကိုကျော်ကတော့ သူမမျက်နှာကို ရဲရဲမကြည့်ဝံ့တော့မှန်း သိသာနေ၏။

ကိုကိုကျော်၏ အမူအရာကို ကြည့်ရင်းကပင် ရုတ်တရက် စိတ်အချဥ်ဖေါက်ပြီး ပြောမိပြောရာ ပြောလိုက်မိသည်။

"ဒီအိမ်ထဲမှာ မိန္ဒယ်နဲ့ ကိုကိုကျော် နှစ်ယောက်တည်း တစ်ညလုံး ရှိနေကြမှာ၊ မိန္ဒယ်ကို ချစ်တယ်လို့ ပြောခဲ့တဲ့ စကားကို ပြန်ရုပ်သိမ်းပေးပါ"

"ဘာဖြစ်လို့လဲ မိန္ဒယ်၊ ဘာဖြစ်ရတာလဲဟင်"

"ဒီလို ကိုကိုကျော်၊ ချစ်တယ်ဆိုတဲ့ စကားကို ပြောစရာမလိုပါဘူး၊ မိန္ဒယ်က ကိုကိုကျော်လက်ထဲမှာ အခြေအနေအရ ရောက်နေပြီပဲ၊ ကံကြမ္မာကလည်း သူ့ဘာသာ အံဝင်ခွင်ကျ လုပ်ပေးထားတယ်"

"မဟုတ်သေးဘူး မိန္ဒယ်၊ ကိုကိုကျော် အဲဒီလောက် ထိ အောက်တန်းမကျဘူး မိန္ဒယ်၊ မိန္ဒယ်နဲ့ ပတ်သက်ပြီး အဲဒီ စိတ်ကူးမျိုး ပေါ်ခဲ့ရင်တောင် ချက်ချင်းဖျောက်ပစ်ခဲ့ တာ၊ မိန္ဒယ် ကိုကိုကျော့် အချစ်ကို အထင်သေးနေတာ၊ ဒီတော့ ဒီလိုလုပ် မိန္ဒယ်၊ ကိုကိုကျော်တို့နှစ်ယောက်ကို နားလည်ပေးပါ မိန္ဒယ်ရယ်၊ မိန္ဒယ်ဆီက အချစ် တစ်ခု တည်းပဲ အရေးတကြီးလိုအပ်တာ၊ မိန္ဒယ် ကိုကိုကျော်နားမှာ အမြဲရှိနေမှဖြစ်မှာ၊ ဘဝတစ်သက်တာလုံး မိန္ဒယ်နဲ့ပဲ အေး အတူ ပူအမျှ ကိုကိုကျော် နေချင်တယ်၊ ကိုကိုကျော့်ဘဝ အတွက်ရော ကိုကိုကျော့်နှလုံးသားအတွက်ပါ အရမ်း လိုအပ်ကဲ့ ဆန္ဒတွေပါပဲ မိန္ဒယ်"

သူမနှင့် တမ်ညလုံးစကားထိုင်ပြောဖို့ ကိုကိုကျော် ဖောင်းဆိုသေပြီ။

ဘဝတစ်သက်တာအတွက်လည်း အဓိကထား ရင်ဖွင့်လေပြီ။





သူမအတွေးများနှင့် သူမနှလုံးသားကို ဗီစကားလုံး တွေဖြင့် အနိုင်ယူလို့ သွားပြီလားလေ။

"မိန္ဒယ် အားလုံးကို ကြောက်တယ် ကိုကိုကျော်"

"မေမေစောကို အဓိက ပြောတာလား မိန္ဒယ်"

"မေမေစောမှ မဟုတ်ဘူး ကိုကိုကျော်လည်းပါ တယ်"

သူမနှလုံးသားကို ကပြောင်းကပြန်ဖြစ်အောင် လုပ်နိုင်စွမ်းသော ကိုကိုကျော်ကိုလည်း သူမကြောက်ရွံ့မိ သည်။ ကိုကိုကျော်နှင့် ဆက်စပ်ပြီး မေမေစော၏ ခက်ထန် သောမျက်နှာက အရိုလိုပေါ်လာ၏။

"ကိုကိုကျော် မိန္ဒယ်ကို ဘဝနဲ့ယှဉ်ပြီး တကယ်စုံမက် မြတ်နိုးတာပါ၊ မိန္ဒယ် ယုံကြည်လာတဲ့အခါ ကိုကိုကျော် စောင့်ပါ့မယ်၊ ဒီစကားက ကိုကိုကျော်ရဲ့ ကတိစကား ဖြစ်သလို သစ္စာစကားလည်း ဖြစ်တယ်၊ မိန္ဒယ် အမြဲတမ်း ပြောပြောနေကျ စကားတစ်ခွန်းကို မှတ်မိနေလားဟင်"

လုပ်ပေးခဲ့ဘူးတာ တခြားမဟုတ်ဘူး၊ မိန္တယ်ပါပဲကွယ်"

ကိုကိုကျော့်စကားများကြောင့်ပင် သူမနှုတ်တို့ဆွံ့အသွားလေ၏။

သူမရင်ထဲမှာတော့ မေးခွန်းတွေက အစီအရီပင်။ သူမ အသိချင်ဆုံး မတင်မကျဖြစ်မှုကို အချိန်အတော်ကြာမှ မေးဖြစ်ခဲ့၏။

"အနေနီးလို့ ကိုကိုကျော် စိတ်လှုပ်ရှားပြီး မိန္တယ်ကို ပိုင်ဆိုင်ချင်တာမျိုး ဖြစ်နေလားဟင်"

"ခန္ဓာချင်း အနေနီးကပ်တာကို ပြောချင်တာလား မိန္တယ်"

"ဟုတ်တယ် ကိုကိုကျော်"

"စိတ်ချင်းအနေနီးခဲ့ကြတာပါ၊ မိန္တယ်က အဲဒါကို မသိလို့ ဘာသာနေခဲ့လို့ ဖြစ်မယ်၊ ကိုကိုကျော်က သိသိသာသာနဲ့ အချိန်တွေ ဖြုတ်သန်းခဲ့ရတာ၊ လူတစ်ယောက်နဲ့ တစ်ယောက် အချိန်တွေကို ဖြုတ်သန်းခဲ့ရတာ၊ လူ တစ်ယောက်





နဲ့တစ်ယောက် အဓိကအားဖြင့် ဆန့်ကျင်ဘက် ဖိုမတွေအဖို့ ခန္ဓာချင်းနီးစပ်ဖို့ အခွင့်အရေးကများရင် များနိုင်မယ်၊ စိတ်ချင်းရင်းနှီးကျွမ်းဝင်ဖို့ကတော့ အတော်ရှားပါးလိမ့်မယ် မိန္တယ်၊ ကိုကိုကျော် ပြောနေတာက တကယ်ကြုံတွေ့ ခံစားရလို့ ပြောတဲ့စကားပါ မိန္တယ်"

ဒီပုံစံမျိုး၊ ဒီစကားသံမျိုးတွေနှင့်ဆိုရင် သူမ၏ စိတ်အစဉ် ဟာ ကိုကိုကျော့်ဆီ တိမ်းညွှတ်ဖို့ အခွင့်အရေးတွေ များနေပြီလား။

စဉ်းစားဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းတွေကို အဝေးသို့ မောင်းထုတ်ခဲ့ပြီ ထင်၏။ သူမကိုယ်တိုင်ကပင် ကိုကိုကျော့် အပေါ်မှာ မသိလိုက် မသိဘာသာဖြင့် အချိန်များစွာကပင် တိမ်းညွှတ်ခဲ့သည်လား လေ။

ပြုပြီး ငြင်းတယ်၊ တစ်လနှစ်လလောက် အထိတော့ သည်းခံပြီး နေကြည့်တယ်၊ လေးလပြည့်တဲ့အထိ မိနွယ်နဲ့ အဆက်အသွယ် ထပ်မရတော့ ရန်ကုန်ကို ဖွတ်ဆင်းခဲ့တယ်၊ ရန်ကုန်ရောက်တော့ ကျွန်တော်ထင်တဲ့ အတိုင်းပဲ မိနွယ်အိမ်မှာ မရှိတော့ဘူး၊ မေမေစောကတော့ မိနွယ်ကပဲ မကောင်းတာတွေ လုပ်လို့ သူ့ဘာသာသူ အရှက်ရပြီး အိမ်ပေါ်ကဆင်းသွားတယ် ပြောတယ်၊ ဖေဖေကတော့ သူမသိဘူးချည်း ငြင်းတယ်၊ ကျွန်တော်နဲ့ မိနွယ်အကြောင်းကို [မေမေ] တစ်ယောက်ပဲ သိထားတာ၊ အဲဒီအခါကျမှ ကျွန်တော် [အပျောက်]မှားပြီဆိုတာ သိလိုက်ရတယ်၊ မိနွယ် အိမ်ပေါ်က ပျောက်သွားတဲ့ကိစ္စမှာ ဖေဖေပါ ပါဝင်ပတ်သက်နေတယ်ဆိုတာ ရိပ်စားမိတယ်၊ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ မိနွယ်သတင်းကို ရအောင်စုံစမ်းတယ်၊ သူ့ မြို့ကိုလည်း သူ ပြန်မရောက်ဘူး၊ အဲဒီကတည်းက မိနွယ်ပျောက် ဆုံးသွားလိုက်တာ နှစ်တွေနဲ့ချီပြီး ကြာသွားတယ်၊ ဒီအချိန်ကျမှ





[မိ]နွယ် ပြန်ပေါ်လာ တာ ကိုကိုကျော်၊ [အခုက] ကျွန်တော် သိချင်တာက ကျွန်တော့်မှာ ဘာအပြစ်မှ မရှိပါဘဲနဲ့ မိနွယ် [ပျောက်]ရှောင်တိမ်း သွားရက်တဲ့ကိစ္စပဲ ကိုကိုကျော်"

သူ့စကားပြောနေသည့်ကာလအတွင်းမှာ ကို[အ]အောင်ဆွေ တစ်ယောက် စီးကရက်တွေကို နင်းဖွာနေ၏။

သူ့စကားဆုံးတော့ [အေးအေး]ဆေးတည်ငြိမ်စွာဖြင့် [က]ိုအောင်ဆွေ ပြောသည်။

"ကိုကိုကျော် သိချင်တဲ့အကြောင်းကိစ္စကို [မိနွ]ယ် [ပြော]ပြလို့ ကျွန်တော် သိထားပြီးသားပါ၊ ဒါပေမယ့် . . ."

ကိုအောင်ဆွေက အစပျိုးပေးပြီး စကားဖြတ်ထား[လို]က်၏။

သူ မနေနိုင်တော့ဘဲ ကိုအောင်ဆွေ့ကို မေးလိုက်[သ]ည်။

"ဒါပေမယ့် ဘာဖြစ်လဲ ကိုအောင်ဆွေ၊ ကိုအောင်ဆွေ [ပြော]ရင် ပြောပြပါဗျာ"

“အလုပ်လည်းမည်မည်ရရ မလုပ်ဘဲ ဒီလိုပဲ လျှောက်သွားနေတော့မှာလား ကိုကို”

အိမ်ပေါ်ရောက်ပြီး အမောမပြေသေးခင်မှာပင် ပြောနေကျဆိုနေကျ စကားလုံးများဖြင့် ခင်ခင်ကျော် တိုက်ခိုက်တော့၏။

သူ့အပြစ်နှင့်သူမို့ ပြေရာပြေကြောင်းပင် ပြန်ပြောလိုက်သည်။

“လုပ်တုန်းက လုပ်ခဲ့တာပဲ၊ အခုအချိန်မှာလည်း အလုပ်ရ အောင် ကိုကို ကြိုးစားနေတာပဲ ခင်ကျော်ရယ်၊ အချိန်မတန်ခင် အခိုက်အတန့်မှာတော့ ဒီလိုပဲ နေရဦးမှာပေါ့၊ အခန်းရောင်းထားတဲ့ ပိုက်ဆံတွေလည်း ရှိနေသေးသားပဲ ဥစ္စာ”

“မသိပါဘူး၊ ရည်းစားဟောင်းကို လက်သိပ်ထိုးပြီး လျှော့ဈေးနဲ့ ရောင်းလိုက်သလားလို့ပါ”

မေမေစော ပြောပြလို့ မိနွယ်အကြောင်းကို ခင်ခင်





ကျော် သိသွားတာ ဖြစ်ရမည်။ ခင်ခင်ကျော်အတွက်တော့ ပြောစရာတစ်ခုရသွားပြန်ပြီ။ ဒီပုံအတိုင်းဆိုရင်တော့ မိနွယ်နှင့်တွေ့မည့်ကိစ္စကို ဇာတ်လမ်းမစတာ အကောင်းဆုံး . . . ဟု ဆုံးဖြတ်လိုက်ရသည်။

“ခင်ခင်ကျော်ကလည်းကွာ သူ့ဘာသာတိုက်ဆိုင်ပြီး ဖြစ် သွားကြတဲ့ကိစ္စပါကွာ”

“အခုချိန်ကျမှတော့ ဟိုကလည်း ရှင့်လို အလုပ်လက်မဲ့ လူတစ်ယောက်၊ ပြီးတော့ မယားကြီးငုတ်တုတ်နဲ့လူကို ဘယ်အကပ် ခံတော့မှာလဲ၊ ဂျပန်ပြန်လူပျိုလေးကိုပဲ သိမ်းပိုက်လိုက်တော့မှာပေါ့”

“ခင်ခင်ကျော်ရယ် မိန်းမချင်း ဘာကြောင့် ဒီစကားမျိုးတွေ ပြောနေရတာလဲ”

“ပြောရတယ်၊ ကိုယ့်ယောကျ်ားကိုက အဲဒီစ[illegible] ဆရာမကို စွဲနေတာကိုး၊ ဘာလဲ အခုဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို အရင်းပြုပြီး ရှင်ကသွားပြီး အသနားခံလို့ဆို”

သူ ပြောလိုက်သော စကားလုံးတွေ၏ နက်ရှိုင်းမှုကို မိန္ဒယ် နားလည်မည် ထင်၏။

သူနှင့် မိန္ဒယ်တို့နှစ်ယောက်ချင်း စကားမပြောဖြစ်တာလည်း တစ်မျိုးတော့ ကောင်းနေပြန်၏။

ကိုအောင်ဆွေသာ အနားမှာ ရှိမနေပါက သူ့ရင်တွေ ဒီထက်ပိုပြီး ပွင့်ထွက်တုန်မှာ သေချာနေ၏။

"ဒီကိစ္စကို သိချင်တာလား၊ မိန္ဒယ်လည်း တစ်နေ့နေ့မှာ ကိုကိုကျော်နဲ့တွေ့ပြီး ဒီအကြောင်းတွေ ပြောပြဖို့ အမြဲစိတ်ထဲမှာ ရှိနေပါတယ်၊ ပြီးခဲ့တာတွေ မိန္ဒယ်လုပ်ခဲ့မိတာတွေက အားလုံးအတွက်ပါ၊ အဲဒီတုန်းက အကောင်းဆုံးဖြစ်မယ့် အခြေအနေကို ရွေး ချယ်လိုက်တာပါ၊ အဖြစ်အပျက်အကြောင်းစုံကို မိန္ဒယ် ပြန်ပြောပြ ပါ့မယ်၊ ကိုအောင်ဆွေကိုလည်း အကြမ်းဖျင်းလောက်တော့ ပြောပြထားပြီးသားပါ"

မိန္ဒယ် ပြောပြမည့် နောက်ကြောင်းပြန်ဇာတ်လမ်းကို သူရော ကိုအောင်ဆွေပါ စိတ်ဝင်းစားနေကြ၏။





မိန္ဒယ်ကို ဟိုတုန်းကလည်း ထိခိုက်နာကျင်အောင် သူ မလုပ်မိ။ အခုလည်း မလုပ်မိပေ။ သူ့ချစ်ခြင်း၊ မြတ်နိုးခြင်းတွေကို သိနေပါလျက်၊ ဒီဘဝမှာ သူနှင့်အဝေးဆုံးဖြစ်အောင် ဘာ့ကြောင့် မိန္ဒယ် ဖန်တီးခဲ့သလဲ။

ရင်ထဲက အထပ်ထပ်သော မေးခွန်းတွေကို မိန္ဒယ် သိစေချင်လိုက်တာ

ရယ်သွေး လွှမ်း၏။

"ကိုကိုကျော် စကား မဆုံးသေးဘူး မိနွယ်၊ ဖေဖေ ရိပ်မိတာ မဟုတ်ဘူး၊ အိမ်ထောင်မရေးအကြောင်းကို မြှောက်ကြွဆိုကြရင်းက ဖေဖေ့ကို ကိုကိုကျော် တမင်ဖွင့်ပြော လိုက်တာ"

"ဟုတ်လား"

"ဟုတ်တယ် မိနွယ်၊ ကိုကိုကျော့်စကားကိုကြား တော့ ဖေဖေ အံ့သြသွားတယ်၊ မိနွယ်ကို စိတ်ကစားပြီး ချစ်မိတာမျိုးတော့ အားမပေးချင်ဘူးတဲ့၊ မိနွယ်က ကိုကိုကျော်တို့အရိပ်မှာ လာခိုနေရ ရှာတဲ့သူတဲ့၊ ကိုကိုကျော် ကလည်း မိနွယ်ကို လက်ထပ်ဖို့အထိ တစ်ဘဝလုံးစာ ရယ်ချယ်တာပါလို့ ပြောလိုက်တယ်၊ ပြီးတော့ မိနွယ်နဲ့ အတူတူနေနိုင်အောင်လို့ အလုပ်တစ်ခုတောင်းတယ်၊ ဖေဖေက သေချာတယ်ဆိုရင် ပြီးတာပဲတဲ့၊ အလုပ်လုပ်မှာကို လည်း သဘောတူတယ်၊ မင်း မေမေ့စောသာသိရင် မိုးမီး





လောင်မှာလို့ သတိပေးသေး တယ်"

ဦးလေးကတော့ စိတ်ရင်းကောင်းသူ၊ အေးဆေးသူ မို့ ပြဿနာ မလုပ်မှန်း သူမလည်း သိနေ၏။

သူမတို့ဘက်မှာ ဦးလေးရှိနေသည်ဆိုသော အသိ ကြောင့် အားတက်သွားမိသည်။

"ဒါဆိုရင်တော့ မိနွယ် တစ်မျိုးစိတ်အေးပြီ ကိုကိုကျော်၊ ကိုကိုကျော်နဲ့ မိနွယ်တို့ ဝေးဖို့ သိပ်စိုးရိမ်စရာ မရှိတော့ဘူး"

"ဒါပေါ့ မိနွယ်ရယ်၊ အချစ်စစ်ဆိုတာ နည်းနည်း လေးတော့ အဖုအထစ် အကွေ့အကောက်လေးတွေ ရှိနေ ဦးမှာပေါ့၊ မဟုတ်ဘူးလား"

ခွဲရခါနီး ချစ်သူနှစ်ဦးအတွက် ပျော်စရာစကားလေး များကို ပြောရင်းလွမ်းရမည့်ကိစ္စများကို မေ့လျော့ထားကြ သည်။

မကြာခင်မှာ ကျရောက်တော့မည့် အန္တရာယ်ကို သူမရော ကိုကိုကျော်ပါ မတွေးမိခဲ့ကြပါလေ . . .။

